POLICY
BRIEFING

BURMA NEWS INTERNATIONAL

# လွတ်လပ်သော
# တိုင်းရင်းသားသတင်းမီဒီယာများ၏
## ၂၀၂၆ အလွန်မျှော်မှန်းချက်များအပေါ်
## လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ

Burma News International
Policy Briefing Paper # 04

မေလ ၂၀၂၆ ခုနှစ်

# နိဒါန်း

စစ်ခေါင်းဆောင်မင်းအောင်လှိုင်ဦးဆောင်သော စစ်အုပ်စုသည် ၂၀၂၅ အတုအယောင်ရွေးကောက်ပွဲကို ပြုလုပ်၍ အရပ်သားအမည်ခံ စစ်အုပ်စုကြီးစိုးသော အစိုးရတစ်ရပ်ကို ဖွဲ့စည်းလာပြီဖြစ်သည်။ ၂၀၂၁ ခုနှစ်နောက်ပိုင်းနိုင်ငံ ရေးအခင်းအကျင်းများအရ လက်နက်ကိုင်တော်လှန်ရေး အားကောင်းလာသည်။ တိုင်းရင်းသားဒေသများအပါအဝင် စစ်ကိုင်း၊ မကွေးနှင့်မန္တလေး စသည့်တိုင်းဒေသကြီးများတွင်လည်း လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များပေါ် ပေါက်လာပြီး စစ်ရေးပဋိပက္ခများ မြင့်မားလာသည်။ ၂၀၂၅ အတုအယောင်ရွေးကောက်ပွဲသည် ပြည်တွင်းပြည်ပ ထောက်ခံမှု မရရှိသည့်အပြင် တရားဝင်မှုမရှိသော အခြေအနေဖြစ်၍ နိုင်ငံရေးအရ နည်းလမ်းကောင်းတစ်ခု လည်း ဟုတ်မနေပါ။ ထို့ကြောင့် မြန်မာနိုင်ငံ၏နိုင်ငံရေးအကျပ်အတည်းသည်ဆက်လက်ရှိနေပြီး စစ်ရေးပဋိပ က္ခများမှာလည်း ဆက်လက်ရှိနေမည့်အခြေအနေဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှုနောက်ပိုင်းတွင် စစ်ခေါင်းဆောင် မင်းအောင်လှိုင်ဦးဆောင်သော စစ် အုပ်စုသည် လွတ်လပ်သောသတင်းမီဒီယာများကို အပြင်းအထန်ဖိနှိပ်ခဲ့သည်။ ဆန္ဒထုတ်ဖော်ကန့်ကွက်မှုများနှင့် ဒီမိုကရေစီအရေးလှုပ်ရှားသူများ၏သတင်းများဖော်ပြသော သတင်းမီဒီယာသမားများနှင့်သတင်းမီဒီယာလုပ်ငန်း များကို ဖမ်းဆီးခြင်း၊ ဝင်ရောက်စီးနင်းခြင်းနှင့် သတင်းမီဒီယာလိုင်စင်ရုပ်သိမ်းခြင်းများအား ပြုလုပ်ခဲ့ပြီး သတင်း မီဒီယာသမား ၂၀၀ကျော်ဖမ်းဆီးခံခဲ့ရသည်။ သတင်းမီဒီယာသမား(၂၀)နီးပါးသည် အကျဉ်းထောင်အသီးသီးတွင် နှစ်ရှည်ထောင်ဒဏ်အပါအဝင် ပြင်းထန်သောပြစ်ဒဏ်များဖြင့် ဖမ်းဆီးခံထားရဆဲဖြစ်သည်။ ထို့အပြင် သတင်း လုပ်ငန်းလုပ်ကိုင်စဉ် စစ်အုပ်စု၏လက်ချက်ကြောင့် အသက်သေဆုံးခဲ့သူ (၇)ဦး ရှိခဲ့သည်။ ထို့အပြင် စစ်ရေးနှင့် နိုင်ငံရေးပဋိပက္ခများ မြင့်မားနေသောအခြေအနေများတွင် တိုင်းရင်းသားသတင်းမီဒီယာများသည် သတင်းလုပ် ငန်းများကို လုပ်ကိုင်နေကြရသည်ဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့်တော်လှန်ရေးအင်အားစုအသီးသီးအကြားတွင်လည်း သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ပွတ်တိုက်မှုများ မကြာခဏကြုံတွေ့နေရသည်။

အမေရိကန်အစိုးရက ထောက်ပံ့ပေးထားသော ‘အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ (USAID)၏ ရန်ပုံ ငွေများအား အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ဖြတ်တောက်ခဲ့သည်။ ယင်း၏အကျိုးဆက်ကြောင့် လွတ်လပ် သော တိုင်းရင်းသားသတင်းမီဒီယာများအပေါ် သက်ရောက်မှုများ အလွန်ပြင်းထန်သည်။[1] တိုင်းရင်းသားသတင်း မီဒီယာများ ရေရှည်ရပ်တည်ရေးအတွက် အသုံးပြုသောနည်းလမ်းများစွာအနက်[2] လူမှုကွန်ရက်မီဒီယာများမှ ဝင် ငွေရရှိရေးမှာလည်း လုံလောက်သော အခြေအနေတစ်ရပ်ဖြစ်မနေပါ။ ထို့အတူ တိုင်းရင်းသားသတင်းမီဒီယာများ ၏ရပ်တည်ရေးဆိုင်ရာကိစ္စရပ်များမှာလည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်နေခဲ့ပြီး စိန်ခေါ်မှုများစွာ ရှိနေသည်။

---

1 ထရမ့်အမိန့်ကြောင့် မြန်မာ မီဒီယာများအပေါ် ကြီးမားသည့် ရိုက်ခတ်မှုများ ရှိလာ, Development Media Group, ၂၂ မတ် ၂၀၂၅, https://www.dmgburmese.com/သတင်း/dtitstmedisam.html

2 The Business of Independent Myanmar Media Post-Coup: Experimenting with business models inside the country and in exile, Media Development Investment Fund, နောက်ဆုံးပြင်ဆင်ခဲ့သော နေ့ - ၁၃ စက်တင်ဘာ ၂၀၂၄, https://www.mdif.org/news/the-business-of-independent-myanmar-media-post-coup/

နယ်စည်းမခြား သတင်းထောက်များအဖွဲ့(RSF)က ၂၀၂၆ ခုနှစ် ဧပြီလ(၃၀)ရက်၌ ထုတ်ပြန်လိုက်သော ကမ္ဘာ့သ တင်းလွတ်လပ်ခွင့် ညွှန်းကိန်းအရ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း(၁၈၀)အနက် ညွှန်းကိန်းအဆင့်(၁၆၆)တွင် ရှိနေ ပြီး အနီရောင်အဆင့် အန္တရာယ်ရှိသောအခြေအနေတွင် ရှိနေသည်။[3] အတုအယောင်ရွေးကောက်ပွဲဖြင့် အစိုးရ သစ်အမည်ခံလာသော မင်းအောင်လှိုင်စစ်အုပ်စုကလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီနှင့်ဧပြီလတို့၌ သတင်းမီဒီယာလုပ်ငန်းလိုင်စင်(၄)ခုကို ရုပ်သိမ်းကြောင်း ကြေညာခဲ့သည်။[4] ယင်းတွင် ခိုနူမ်းသုန် (Khonumthung Media Group) ၊ ရွှေဖီမြေသတင်းဌာ၊ ချင်းဝေါလ် (Chin World) အစရှိသည့် တိုင်းရင်းသားမီဒီယာ(၃)ခုပါဝင်နေသည်။

လွတ်လပ်သော မြန်မာသတင်းမီဒီယာများအားလုံးသည် စိန်ခေါ်မှုပေါင်းစွာကို ရင်ဆိုင်ကြုံတွေ့နေရပြီး ကျင့်ဝတ် နှင့်ညီသောသတင်းလုပ်ငန်းများဖြစ်ရန် “မသေရုံ” ကျားကန်ရပ်တည်နေကြရသည်။ ထိုသို့အခြေအနေများအနက် မှ တိုင်းရင်းသားသတင်းမီဒီယာများ ကြုံတွေ့နေရသောအခြေအနေများကို ပိုမိုသိရှိစေရန်နှင့် ၂၀၂၆ ခုနှစ်အလွန် မျှော်မှန်းချက်များကို **နိုင်ငံတကာမြန်မာသတင်း(BNI)**က လေ့လာဆန်းစစ်၍ ဤအစီရင်ခံစာတွင် ဖော်ပြထား သည်။

# သုတေသနနည်းနာ

လေ့လာမှုများအတွက် **နိုင်ငံတကာမြန်မာသတင်း(BNI)** အဖွဲ့ဝင် တိုင်းရင်းသားသတင်းမီဒီယာအားလုံး(သတင်း ဌာန ၁၅ခု)သို့ လေ့လာမှုနှင့်သက်ဆိုင်သော မေးခွန်းများပေးပို့ ဖြေဆိုစေခဲ့သည်။ ထိုသို့ပေးပို့ဖြေဆိုစေခဲ့ရာတွင် အဖွဲ့ဝင်တိုင်းရင်းသားသတင်းမီဒီယာဌာန(၁၂)ခုက ပြန်လည်ဖြေဆိုပေးခဲ့သည်။ ထို့နောက် ဘီအဲန်အိုင်(BNI)အဖွဲ့ ဝင်အချို့နှင့်မိတ်ဖက်ဖြစ်သော တိုင်းရင်းသားသတင်းမီဒီယာအချို့မှ အယ်ဒီတာချုပ်များထံ အွန်လိုင်းမှတစ်ဆင့် လူတွေ့မေးမြန်းခဲ့သည်။ ထို့အပြင် မီဒီယာကျွမ်းကျင်သူများထံသို့လည်း လေ့လာဆန်းစစ်မှုနှင့်သက်ဆိုင်သောအ ကြောင်းအရာများကိုလည်း အွန်လိုင်းမှတစ်ဆင့် လူတွေ့မေးမြန်းခဲ့သည်။ လူတွေ့မေးမြန်းမှု စုစုပေါင်း(၁၁)ခုရှိခဲ့ သည်။

ထို့အပြင် သတင်းမီဒီယာနှင့်သက်ဆိုင်သော ထုတ်ပြန်ချက်များ၊ သတင်းဌာနများ၏သတင်းများနှင့် အခြားသော ဆက်စပ်အကြောင်းအရာများကို လေ့လာဆန်းစစ်မှုတွင် ကိုးကားထားသည်။ သတင်းမီဒီယာလွတ်လပ်ခွင့် ညွှန်း ကိန်းများ၊ လွတ်လပ်သော မြန်မာသတင်းမီဒီယာကောင်စီ(IPCM)၏ သတင်းမီဒီယာကျင့်ဝတ်၊ နိုင်ငံတကာမြန်မာသတင်း(BNI)၏မူဝါဒနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေးဆောင်ရွက်သောအဖွဲ့များမှအချက်အလက်များကိုလည်း ကိုးကားထားပါသည်။

---

3 နယ်စည်းမခြား သတင်းထောက်များအဖွဲ့(RSF)၏ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်ညွှန်းကိန်း၊ ၃၀ ဧပြီ ၂၀၂၆, https://rsf.org/en/index

4 Khonumthung Media Group အပါအဝင် သတင်းအေဂျင်စီ ၃ ခုကို ပိတ်သိမ်းကြောင်း စစ်အစိုးရသစ် ကြေညာ, ၂၄ ဧပြီ ၂၀၂၆, https://khonumthung.org/khonumthung-media-group-အပါအဝင်-သတင်းအေဂျင်စ/

## (၁) တိုင်းရင်းသားသတင်းမီဒီယာများ၏ရေရှည်ရပ်တည်ရေးကိစ္စများ

တိုင်းရင်းသားသတင်းမီဒီယာများ၏ရေရှည်ရပ်တည်ရေးကိစ္စများ၌ "သတင်းလုပ်ငန်းလည်ပတ်နိုင်ရန် ဝင်ငွေရရှိ ရေး"သည် အရေးအကြီးဆုံးနှင့်အလိုအပ်ဆုံးဖြစ်နေကြောင်း တွေ့ရသည်။ ထို့အပြင် သတင်းလုပ်သားရှားပါးလာ မှုနှင့်အတူ လူ့စွမ်းအားအရင်းအမြစ် မလုံလောက်ခြင်း၊ ငွေကြေးစီးဆင်းမှု ခက်ခဲခြင်းနှင့် ရင်းနှီးမြှုပ်နှံနိုင်မှု ခက်ခဲ ခြင်းများကိုလည်း တွေ့ရသည်။ လက်ရှိတွင် နိုင်ငံတကာအလှူရှင်များမှရန်ပုံငွေလည်းလိုအပ်နေပြီး ဝင်ငွေရရှိနိုင် မည့် လမ်းကြောင်းသစ်များလည်း ရှာဖွေရန်လိုအပ်နေကြောင်း သိရသည်။[5]

### (၁.၁) နိုင်ငံတကာအလှူရှင်များ၏ရန်ပုံငွေနှင့်ဝင်ငွေရရှိမည့်လမ်းကြောင်းသစ်များရှာဖွေခြင်း

စစ်တမ်းဖြေဆိုသူအားလုံး ၁၀၀% (၁၂ဦး)က ရှေ့လာမည့်ကာလတွင်လည်း "နိုင်ငံတကာအလှူရှင်များ၏ရန်ပုံ ငွေအပေါ် ၈၀% ထက်မနည်း ဆက်လက်မှီခိုရမည်" ဟူသောအချက်ကို တညီတညွတ်တည်း ရွေးချယ်ထားကြ သည်။ အခြားသော ရန်ပုံငွေရရှိရေး ကြိုးပမ်းမှုများအနေဖြင့် ၅၀%(၆ဦး)က ရေရှည်ရပ်တည်ရေးအတွက် အခြားလူမှုစီးပွားလုပ်ငန်းများ(Social Enterprise)နှင့်တွဲဖက်လုပ်ဆောင်ရန် ရည်မှန်းထားကြပါသည်။ ၅၀% (၆ ဦး)က ပရိသတ်များ၏တိုက်ရိုက်ထောက်ပံ့မှု(Subscription/ Donation)ကို စတင်ရန် စိတ်ဝင်စားကြပါသည်။ ၄၁.၇% (၅ဦး)က စီးပွားဖြစ် ဝန်ဆောင်မှုနှင့်ဒေသတွင်း ကြော်ငြာဝင်ငွေ ရှာဖွေရန် စီစဉ်ကြသည်။

စစ်တမ်းဖြေဆိုသူ ၁၂ဦးအနက် ၇၅% (၉ ဦး)က "ဝင်ငွေရရှိမည့်လမ်းကြောင်းသစ်များရှာဖွေရန်"ကို အဓိကအ ကျဆုံးလိုအပ်ချက်အဖြစ် တညီတညွတ်တည်း ရွေးချယ်ကြသည်။ ကျန်ရှိသောဖြေဆိုသူများအနက် ၁၆.၇% (၂ ဦး)က "တိုင်းရင်းသားလက်နက်ကိုင်/ဒေသအာဏာပိုင်များနှင့် ဆက်ဆံရေးတည်ဆောက်ရန်"ကိုလည်းကောင်း၊ ၈.၃% (၁ဦး)က "နည်းပညာနှင့်ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု အဆင့်မြှင့်တင်ရန်"ကိုလည်းကောင်း အသီးသီးရွေးချယ် ခဲ့ကြသည်။

၂၀၂၅ ခုနှစ်မှ စတင်ခဲ့သော နိုင်ငံတကာအလှူရှင်များနှင့်အထောက်အပံ့ပေးရေးအဖွဲ့အစည်းများ၏ရန်ပုံငွေဖြတ် တောက်မှုဒဏ်ကို သတင်းမီဒီယာများ အဓိကကြုံတွေ့နေရသဖြင့်[6] အဖွဲ့အစည်းရေရှည်ရပ်တည်နိုင်ရေးအတွက် ဝင်ငွေရရှိမည့် လမ်းကြောင်းသစ်များ ရှာဖွေဖော်ထုတ်ရန် အရေးပေါ်လိုအပ်လျက်ရှိသည်။ လက်ရှိတွင် ထောက် ပံ့ငွေတစ်ခုတည်းအပေါ်၌သာ မှီခိုနေရခြင်းကြောင့် ရန်ပုံငွေရရှိမှုခက်ခဲလာချိန်တွင် လုပ်ငန်းလည်ပတ်မှုစရိတ်နှင့် ကျွမ်းကျင်ဝန်ထမ်းများ၏လစာစရိတ်များကို ပံ့ပိုးမှန်ထောက်ပံ့နိုင်ရန် စိန်ခေါ်မှုများဖြစ်ပေါ်နေသည်။ ထို့ကြောင့် အ ရည်အသွေးရှိသော သတင်းစာပညာ(Quality Journalism)ကို ဆက်လက်ဖော်ဆောင်နိုင်ရန်နှင့် ကျွမ်းကျင်လူ့အ ရင်းအမြစ်များကို ဆက်လက်ထိန်းသိမ်းမွေးထုတ်ပေးနိုင်ရန်အတွက် သမားရိုးကျမဟုတ်သော ဝင်ငွေရလမ်းများ ရှာဖွေရေးသည် သတင်းမီဒီယာကဏ္ဍ ဆက်လက်ရှင်သန်နိုင်ရေးအတွက် အဓိကကျသောလိုအပ်ချက်တစ်ခုဖြစ်လာသည်။[7]

---

5 မေးခွန်းပေးပို့ခြင်းနှင့်လူတွေ့မေးမြန်းခြင်းများမှတွေ့ရှိချက်

6 ထရမ့်အမိန့်ကြောင့် မြန်မာ မီဒီယာများအပေါ် ကြီးမားသည့် ရိုက်ခတ်မှုများ ရှိလာ, Development Media Group, ၂၂ မတ် ၂၀၂၅, https://www.dmgburmese.com/သတင်း/dtitstmedisam.html

7 နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင်များထံ မေးခွန်းပေးပို့ မေးမြန်းမှု၏ဖြေကြားချက်များ

### (၁.၂) ခန့်မှန်းရခက်နေသော ရေရှည်ရပ်တည်ရေး

ထို့အပြင် တိုင်းရင်းသားသတင်းမီဒီယာများ၏ ရေရှည်ရပ်တည်ရေး ခန့်မှန်းချက်သဘောထားကို သိရှိစေရန် လေ့ လာခဲ့ရာတွင် ဖြေဆိုသူအများစုဖြစ်သော ၃၃.၃% (၄ဦး)က ၂၀၂၆ အလွန်တွင် "ခန့်မှန်း ရခက်သည်"ဟု ရွေးချယ် ထားကြပြီး၊ အခြား ၃၃.၃% (၄ဦး)ကလည်း "ယခင်အတိုင်း ဆက်ရှိမည်"ဟု ယူဆကြသည်။ ကျန်ရှိသော ၂၅% (၃ ဦး)က "ပိုမိုဆိုးရွားလာမည်"ဟု ခန့်မှန်းကြပြီး ၈.၃% (၁ဦး)သာလျှင် "ပိုမိုကောင်းမွန်လာမည်"ဟု ဖြေဆိုထား သည်။

၂၀၂၆ အလွန်၌ နိုင်ငံတကာအကူအညီများသည် "အရေးပေါ်လူသားချင်းစာနာမှု"ဘက်မှ "ဖွံ့ဖြိုး ရေးနှင့်အဖွဲ့အ စည်းခိုင်မာရေး"ဘက်သို့ ပြောင်းသွားနိုင်သည်။ စိန်ခေါ်မှုအနေဖြင့် နိုင်ငံတကာအထောက် အပံ့အပေါ်တွင် အလွန်အမင်း မှီခိုနေရသော တိုင်းရင်းသားသတင်းမီဒီယာများသည် ရေရှည်ရပ်တည် နိုင်ရေးအတွက် ဝင်ငွေရရာ လမ်းများကို ရှာဖွေရလိမ့်မည်ဖြစ်ပြီး စီးပွားရေးကျဆင်းနေသောဒေသများ တွင် ခက်ခဲမှုအလွန်များသောအလုပ် ဖြစ်နေဦးမည်ဟု မှတ်ချက်ပြုကြသည်။ ထို့အပြင် နယ်စပ် အခြေစိုက်မီဒီယာလုပ်ငန်းများသည် အိမ်နီးချင်းနိုင်ငံ များ၏မူဝါဒများအောက်တွင် ဆက်လက်ရုန်းကန် နေရဦးမည်ဖြစ်ပြီး မြန်မာ့နိုင်ငံရေးအခင်းအကျင်းသည် နိုင်ငံတ ကာနှင့်ပြည်တွင်းဖြစ်စဉ်များကြောင့် ရှုပ်ထွေးကာ ခန့်မှန်းရခက်ခဲနေသည်။

ထို့အပြင် ၂၀၂၆ ခုနှစ်အလွန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ စိုးမိုးသည့်နယ်မြေ များ၌ ကိုယ်ပိုင် အုပ်ချုပ်ရေးယန္တရားများ ပိုမိုခိုင်မာလာကာ သတင်းရယူမှုတွင် အတိုင်းအတာတစ်ခု အထိ လွတ်လပ်ခွင့်ရရှိနိုင် သော်လည်း ဒေသန္တရအုပ်ချုပ်ရေးမူဝါဒများနှင့် မီဒီယာကျင့်ဝတ်အကြား ထိန်းညှိရမည့် စိန်ခေါ်မှုများဆက်လက် ရှိနေမည်။ အထူးသဖြင့် စစ်အုပ်စု၏ဖိနှိပ်ချုပ်ချယ်မှုနှင့် နည်း ပညာသုံး သတင်းမှားဖြန့်ဝေမှုများကြားတွင် တိုင်း ရင်းသားသတင်းမီဒီယာများအနေဖြင့် ဒေသခံ များ၏ယုံကြည်မှုကိုအခြေခံ၍ သတင်းမှန်စစ်ဆေးသူများအဖြစ် ရပ်တည်နိုင်သည့် အခွင့်အလမ်းရှိ သော်လည်း နိုင်ငံတကာအကူအညီများ လျော့နည်းလာခြင်းနှင့် စီးပွားရေးကျ ဆင်းမှုများကြောင့် ရေရှည် ရပ်တည်ရေးအတွက် ကိုယ်ပိုင်ဝင်ငွေရလမ်းသစ်များ ရှာဖွေရန်မှာ အဓိကရုန်းကန်ရ မည့်အချက် ဖြစ်သည်။ ထို့ပြင် နယ်စပ်အခြေစိုက်မီဒီယာများအတွက် အိမ်နီးချင်းနိုင်ငံများ၏မူဝါဒအပြောင်းအလဲ နှင့် လုံခြုံရေးဆိုင်ရာ အတက်အကျများမှာ ဆက်လက်ရှိနေဦးမည်ဖြစ်ရာ ခေတ်အဆက်ဆက် ဖိနှိပ်ခံခဲ့ ရသည့် တိုင်းရင်းသားသတင်းမီဒီယာများ၏ကဏ္ဍသည် လာမည့်ကာလများတွင်လည်း လွတ်လပ်စွာ ရှင်သန်ရပ်တည်နိုင် ရေးအတွက် ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်ရဦးမည်ဟု သုံးသပ် ကြသည်။[8]

### (၁.၃) ဝင်ငွေရရှိရာ ပင်မအကြောင်းရင်းများနှင့်အခြေအနေ

တိုင်းရင်းသတင်းမီဒီယာများ၏ဝင်ငွေရရာ ပင်မအကြောင်းအရင်းများမှာ နိုင်ငံတကာထောက်ပံ့ ငွေ(Grants)၊ အ ကြောင်းအရာများရောင်းချခြင်း(Content Sales)၊ အသင်းဝင်စနစ်(Membership Programs)၊ ပရိသတ်၏လှူ ဒါန်းငွေများ(Donations)၊ စာရင်းပေးသွင်းကြည့်ရှုခြင်း(Subscription)၊ လူမှုကွန်ရက်မီဒီယာမှဝင်ငွေ(Social Media Monetization)နှင့်ပြည်သူ့ဝန်ဆောင်မှုကြေညာချက်

---

[8] နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင်များထံ မေးခွန်းပေးပို့ မေးမြန်းမှု၏ဖြေကြားချက်များ

များ(PSAs)များမှဖြစ်သည်။[9] ယင်းနည်းလမ်းများ အသုံးပြု၍ ဝင်ငွေရရှိမှုအခြေအနေများကို ဆက်လက်လေ့လာထားသည်။

**(က) ပြည်သူ့ဝန်ဆောင်မှုကြေညာချက် (PSA)**

တိုင်းရင်းသားသတင်းမီဒီယာများ၏ရေရှည်ရပ်တည်ရေးအတွက် ပြည်သူ့ဝန်ဆောင်မှုကြေညာချက်(PSA)သည် အရေးပါသော ဝင်ငွေရလမ်းတစ်ခုအဖြစ် အားကိုးအားထားပြုလာရကြောင်း တွေ့ရှိရသည်။ လက်ရှိတွင် MDIF ကဲ့သို့သော အဖွဲ့အစည်းများ၏ပံ့ပိုးမှုဖြင့် ပြည်သူ့ဝန်ဆောင်မှုကြေညာချက်(PSA)အစီအစဉ်များကို ဖော်ဆောင် နေကြောင်း တွေ့ရသည်။ ယင်းသည် အကျိုးအမြတ်မယူသော လူမှုအခြေပြုအဖွဲ့အစည်းများ၏ ပညာပေးလုပ် ငန်းများ အများပြည်သူထံရောက်ရှိစေသည့်အပြင် မီဒီယာများအတွက်လည်း အစဉ်အလာအကူအညီ အ ထောက်အပံ့(Grant)အပေါ် မှီခိုနေရမှုကို လျှော့ချပေးနိုင်သည့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေသော စီးပွားရေးပုံစံ သစ်တစ်ခု ဖြစ်လာသည်။ သို့ရာတွင် ပြည်သူ့ဝန်ဆောင်မှုကြေညာချက်(PSA)ကို အခမဲ့ဝန်ဆောင်မှု သို့မဟုတ် အလှူငွေကဲ့သို့ ရှုမြင်နေသည့် အယူအဆဟောင်းများကို ပြောင်းလဲရန် လိုအပ်နေပြီး ရေရှည်တွင် ဝင်ငွေရရှိမှု ခိုင်မာစေရန်အတွက် စနစ်တကျ တိုင်းတာနိုင်သော အစီရင်ခံမှုများ(Impact Metrics)နှင့်အတူ မိတ်ဖက်အဖွဲ့အ စည်းများနှင့် ပူးပေါင်းကာ သတင်းမီဒီယာလုပ်ငန်း ဝင်ငွေရရှိရေးပုံစံတစ်ခုအဖြစ် အသွင်ကူးပြောင်းရန် လိုအပ် လျက်ရှိသည်။[10]

တိုင်းရင်းသားသတင်းမီဒီယာများသည် ပြည်သူ့ဝန်ဆောင်မှုကြေညာချက်(PSA)ကို ဌာနရပ်တည်ရေးအတွက် အ ခြေခံလမ်းကြောင်းတစ်ခုအဖြစ် ပိုမိုနားလည်သဘောပေါက်လာကြသော်လည်း လက်တွေ့တွင် စိန်ခေါ်မှုများစွာ နှင့်ရင်ဆိုင်နေရသည်။ ပြည်သူ့ဝန်ဆောင်မှုကြေညာချက်(PSA)မှရရှိသောဝင်ငွေမှာ စုစုပေါင်းဝင်ငွေ၏(၁၀)ရာ ခိုင်နှုန်းခန့်သာရှိပြီး[11] အချို့ဌာနများမှာထုတ်လုပ်နိုင်ရန် ပြင်ဆင်ဆဲအဆင့်တွင်သာ ရှိနေကြသည့်အပြင် ယင်းကို ရေတိုဖြေရှင်းချက်တစ်ခု (သို့မဟုတ်) အရပ်ဘက်အဖွဲ့အစည်းများ၏ထောက်ပံ့မှု(Donor-driven)ပုံစံတစ်ခုအ ဖြစ်သာ ရှုမြင်နေကြဆဲဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှုကြေညာချက်(PSA)လမ်းကြောင်းပေါ်သို့ ရောက်ရှိသည် မှာ (၂)နှစ်ခန့်ကြာမြင့်လာသော်လည်း ကြော်ငြာရှင်အဖွဲ့အစည်းများက မီဒီယာများထံမှတစ်ဆင့်မသွားဘဲ မြေပြင် သို့ တိုက်ရိုက်သွားရောက်သည့်နည်းလမ်းသို့ ပြောင်းလဲလာခြင်းကြောင့် မီဒီယာများအတွက် ဝင်ငွေစီးဆင်းမှုလမ်းကြောင်း ပြောင်းလဲသွားသည့်အခြေအနေများ[12]လည်း ရှိနေသည်။ သို့သော်လည်း အချို့သောမီဒီယာများ သည် ဒေသတွင်းလူမှုအရပ်ဘက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ လူမှုအထောက်အကူပြု ပြည်သူ့ဝန်ဆောင်မှု ကြေညာချက်(PSA)များကို ဆက်လက်ထုတ်လုပ်ရန်နှင့်ရေရှည်အတွက် မိတ်ဖက်အသစ်များရရှိရန် ကြိုးပမ်း လျက်ရှိကြောင်း တွေ့ရှိရသည်။[13]

---

9 The Business Of Independent Media In Post-Coup Myanmar (November 2022), MDIF, ၄ နိုဝင်ဘာ ၂၀၂၂, https://www.mdif.org/news/the-business-of-independent-media-in-post-coup-myanmar/

10 တိုင်းရင်းသားသတင်းမီဒီယာအချို့နှင့်မီဒီယာကျွမ်းကျင်သူများထံ လူတွေ့မေးမြန်းမှု၏ဖြေကြားချက်များ

11 တိုင်းရင်းသားသတင်းမီဒီယာအချို့ထံ လူတွေ့မေးမြန်းမှုမှရရှိသော အချက်အလက်အပေါ်ယေဘုယျတွက်ချက်မှု

12 တိုင်းရင်းသားသတင်းမီဒီယာမှ ဦးဆောင်သူတစ်ဦး၏လူတွေ့မေးမြန်းမှု ဖြေကြားချက်

13 တိုင်းရင်းသားသတင်းမီဒီယာအချို့နှင့်မီဒီယာကျွမ်းကျင်သူများထံ လူတွေ့မေးမြန်းမှု၏ဖြေကြားချက်များ

### (ခ) လူမှုကွန်ရက်မီဒီယာမှဝင်ငွေ (Social Media Monetization)

နိုင်ငံတကာအလှူရှင်များ၏ထောက်ပံ့မှု(Donor Grants)လျော့နည်းလာသည့်ဒဏ်ကို တိုင်းရင်းသားသတင်းမီဒီ ယာများ ရင်ဆိုင်နေရခြင်းကြောင့် ရပ်တည်ရေးနည်းလမ်းတစ်ခုအဖြစ် လူမှုကွန်ရက်မီဒီယာမှဝင်ငွေကို အလေး ထားလာကြသည်။ သတင်းဌာနအလိုက် ဝင်ငွေရရှိမှုမှာ ကွာဟချက်ရှိပြီး အချို့သောဌာနများသည် ဖေ့ဘွတ်ခ် (Facebook)နှင့်ယူကျူ့(YouTube)တို့မှ တစ်လလျှင် အမေရိကန်ဒေါ်လာ ၅၀၀ မှ ၁,၀၀၀ ဝန်းကျင်အထိ ရရှိနေ ကြသည်။ သို့သော် အများစုမှာ ဒေါ်လာ ၁၀၀ ဝန်းကျင် သို့မဟုတ် ထိုထက်နည်းပါးသော ပမာဏကိုသာ ရရှိနေ ကြသည်။ ထိုဝင်ငွေများသည် သတင်းခန်းတစ်ခုလုံး လည်ပတ်ရန်အတွက် မလုံလောက်ဘဲ ဝန်ထမ်းအနည်းငယ် ၏လစာပေးရန် သို့မဟုတ် ရုံးအသုံးစရိတ်အချို့အတွက်သာ “မသေရုံ”ထောက်ပံ့ပေးနိုင်သည့်အခြေအနေ[14]တွင် ရှိနေသည်။

လူမှုကွန်ရက်မီဒီယာများမှဝင်ငွေရှာဖွေရာတွင် အဓိကရင်ဆိုင်နေရသည့်အခက်အခဲမှာ ပလက်ဖောင်းများ၏ငွေ ကြေးရှာဖွေမှုမူဝါဒ(Monetization Policy)နှင့်သတင်းဌာနများ၏အကြောင်းအရာများ မကိုက်ညီခြင်းဖြစ်သည်။ တိုင်းရင်းသားဒေသများရှိ စစ်ရေးပဋိပက္ခများ၊ သွေးထွက်သံယိုမြင်ကွင်းများနှင့်လူ့အခွင့်အရေးချိုးဖောက်မှုသ တင်းများကို တင်ဆက်ရာတွင် ဖေ့ဘွတ်ခ့်(Facebook)နှင့်ယူကျူ့(YouTube)တို့၏စံနှုန်းများအရ “အကြမ်းဖက် မှု” သို့မဟုတ် “ထိခိုက်လွယ်သောအကြောင်းအရာ”အဖြစ် သတ်မှတ်ခံရလေ့ရှိသည်။ ထို့ကြောင့် သတင်းဌာနအ ချို့မှာ ဝင်ငွေရှာဖွေခွင့်(Ads)လုံးဝရပ်ဆိုင်းခံရခြင်း သို့မဟုတ် Reach ကန့်သတ်ခံရခြင်းတို့ ကြုံတွေ့နေရပြီး ဝင် ငွေရရှိရန်အတွက် သတင်းကျင့်ဝတ်နှင့်ပလက်ဖောင်းမူဝါဒအကြား ရုန်းကန်နေကြရသည်။ ဝင်ငွေတိုးပွားရန်အတွက် ပလက်ဖောင်းများ၏ မူဝါဒအပြောင်းအလဲနှင့် ပရိသတ်စိတ်ဝင်စားမှု(Trend)ကို နားလည်သည့်ကျွမ်းကျင် သူများလိုအပ်နေသော်လည်း တိုင်းရင်းသားသတင်းမီဒီယာများတွင် ထိုကဲ့သို့သော လူ့စွမ်းအားအရင်းအမြစ်ရှား ပါးနေသည်။

### (ဂ) ဝင်ငွေရရှိနိုင်မည့် နည်းလမ်းသစ်များရှာဖွေခြင်း[15]

တိုင်းရင်းသားသတင်းမီဒီယာများသည် ရေရှည်ရပ်တည်နိုင်ရေးအတွက် ဝင်ငွေရရှိနိုင်မည့် နည်းလမ်းသစ်များကို လည်း စဉ်းစားလာကြသည်။ မိမိတို့၏အမာခံပရိသတ်အခြေခံသည့် အသင်းဝင်စနစ်(Membership)တည် ဆောက်ခြင်း၊ အလှူငွေရယူခြင်း(Donation)နှင့်ပုံမှန်ကြေးပေးသွင်းဖတ်ရှုခြင်း(Subscriber)စနစ်များသို့ ကူး ပြောင်းနိုင်ရန် နည်းလမ်းရှာလျက်ရှိသည်။ လူမှုကွန်ရက်မီဒီယာများ၏အပြောင်းအလဲအောက်တွင် မတည်ငြိမ် သည့်လူမှုကွန်ရက်များကို “အငှားအိမ်”[16]ကဲ့သို့သာသဘောထားပြီး သတင်းဌာနဝက်ဘ်ဆိုက်ကို “ကိုယ်ပိုင်အိမ်” [17]အဖြစ်တည်ဆောက်ကာ ဝင်ငွေရှာဖွေရန်နှင့်အချက်အလက်များခိုင်မာစွာမှတ်တမ်းတင်ရန် ပိုမိုအားစိုက်လာကြ သည်။ သတင်းထုတ်လုပ်မှုအပြင် မိမိတို့၌ရှိသော နည်းပညာနှင့်မီဒီယာကျွမ်းကျင်မှုကိုအသုံးချ၍ သင်တန်းပေး ခြင်း၊ ဗီဒီယိုတည်းဖြတ်ပေးခြင်းနှင့် အင်္ဂလိပ်ဘာသာဖြင့် သတင်းရောင်းချခြင်း(Sales)စသည့် ဝန်ဆောင်မှုလုပ် ငန်းများမှ ဝင်ငွေရှာဖွေသည့် လမ်းကြောင်းသစ်များကိုလည်း ကြိုးပမ်းဖော်ဆောင်လာကြသည်။ ဝင်ငွေရရှိ

---

[14] တိုင်းရင်းသားသတင်းမီဒီယာမှ ဦးဆောင်သူတစ်ဦး၏လူတွေ့မေးမြန်းမှု ဖြေကြားချက်

[15] တိုင်းရင်းသားသတင်းမီဒီယာအချို့နှင့်မီဒီယာကျွမ်းကျင်သူများထံ လူတွေ့မေးမြန်းမှု၏ဖြေကြားချက်များ

[16] မီဒီယာကျွမ်းကျင်သူက ဥပမာပေးသောအသုံးအနှုန်း

[17] မီဒီယာကျွမ်းကျင်သူက ဥပမာပေးသောအသုံးအနှုန်း

စေ မည့်ဖျော်ဖြေရေးနှင့်လူထုစိတ်ဝင်စားဖွယ်(Soft News)ကဏ္ဍများ ရောနှောတင်ဆက်ခြင်းဖြင့် လည်းကောင်း၊ အ ကျပ်အတည်းများကြားတွင် မိမိတို့၏စုဆောင်းငွေများနှင့်ကိုယ်ထူကိုယ်ထစနစ် (Co-funding)ကျင့်သုံးခြင်းဖြင့် လည်းကောင်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နည်းလမ်းမျိုးစုံဖြင့် အဖြေရှာရန်ကြိုးပမ်းလာကြခြင်းဖြစ်သည်။

**(ဃ) ပရိသတ်အခြေပြုသောဝင်ငွေနှင့် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာ[18]**

တိုင်းရင်းသားသတင်းမီဒီယာများ၏ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပရိသတ်အခြေပြုသော ဝင်ငွေ (Audience Revenue)နှင့် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာ(Public Service Media-PSM) တို့သည် အလားအလာအ ကောင်းဆုံးနှင့် အသင့်တော်ဆုံးနည်းလမ်းများဖြစ်ကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် ခိုင်မာသောကွန်မြူနတီ (Community)ရှိသည့်မီဒီယာများအတွက် အသင်းဝင်စနစ်(Membership)၊ အလှူငွေ(Donation)နှင့်စာရင်းပေး သွင်းကြည့်ရှုခြင်း(Subscriber)ပုံစံများဖြင့် ပရိသတ်ထံမှတိုက်ရိုက်ဝင်ငွေရရှိခြင်းသည် ပိုမိုခိုင်မာသော ရေရှည် ရပ်တည်ရေးနည်းလမ်းဖြစ်သည်။ လူဦးရေနည်းပါးပြီး စီးပွားရေးကြော်ငြာဈေးကွက်(Commercial Market)မ ရှိသော ချင်းနှင့်ကရင်နီကဲ့သို့ တိုင်းရင်းသားမီဒီယာများအတွက်မူ အစိုးရ သို့မဟုတ် အများပြည်သူ၏ပံ့ပိုးမှုဖြင့် လည်ပတ်သည့် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာစနစ်မှာ ရေရှည်ရပ်တည်ရေးအတွက် အဖြေဖြစ်လာသည်။ ထို့ကြောင့် ပရိသတ်၏ယုံကြည်ကိုးစားမှုကို အခြေခံသည့် ဝင်ငွေရှာဖွေမှုနှင့်နိုင်ငံရေးတည်ငြိမ်မှုပေါ် အခြေခံသည့် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာစနစ်တို့သည် တိုင်းရင်းသားဘာသာစကားနှင့်ယဉ်ကျေးမှုများမပျောက်ကွယ် ရန်အတွက် မရှိမဖြစ်လိုအပ်သော ရေရှည်ရပ်တည်ရေး နည်းလမ်းကောင်းများ ဖြစ်ကြသည်။[19]

## (၁.၄) ဝင်ငွေရလမ်းစုံ စုပေါင်းစပ်ပေါင်းနည်းလမ်း

တိုင်းရင်းသားမီဒီယာများ ရေရှည်ရပ်တည်နိုင်ရန် ဝင်ငွေရရန်နည်းလမ်းတစ်ခုတည်းအပေါ် မှီခိုနေရမှုကို လျှော့ ချပြီး ဝင်ငွေရလမ်းစုံ စုပေါင်းစပ်ပေါင်းနည်းလမ်း(Diversified Revenue Model)ကို မဖြစ်မနေပြောင်းလဲ ကျင့် သုံးရမည် ဖြစ်သည်။ လူမှုကွန်ရက်မီဒီယာမူဝါဒနှင့်ရန်ပုံငွေအထောက်အပံ့ အပြောင်းအလဲများကြားတွင် ဘဏ္ဍာ ရေးခိုင်မာစေရန် ရနိုင်သမျှသော ဝင်ငွေရလမ်းအားလုံးပေါ်သို့ ဖြန့်ကြက်ထားသည့် ဗျူဟာမြောက် စီမံခန့်ခွဲမှုပုံစံ သည်သာ အထိရောက်ဆုံးသော အဖြေဖြစ်သည်။ သတင်းခန်း၏လွတ်လပ်ခွင့်နှင့် စီးပွားရေးအရ ရပ်တည်နိုင်မှု ကို မျှတစွာထိန်းကျောင်းနိုင်သည့် အဆိုပါ စုပေါင်းစပ်ပေါင်းနည်းလမ်းကို အဖွဲ့အစည်းတစ်ခုလုံးက နားလည် သဘောပေါက်ပြီး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ခြင်းဖြင့်သာ မီဒီယာလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဖော်ဆောင်နိုင်မည် ဖြစ်သည်။

## (၁.၅) သတင်းမီဒီယာရပ်တည်ရေးတာဝန်ခံထားရှိခြင်း

တိုင်းရင်းသားသတင်းမီဒီယာဌာနများတွင် ကြုံတွေ့နေရသည့် အဓိကလိုအပ်ချက်မှာ သတင်း ထုတ်လုပ်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှုကို သီးခြားစီ ခွဲခြားလုပ်ကိုင်နိုင်မည့် ကျွမ်းကျင်ဝန်ထမ်းနှင့်စနစ်များ

---

[18] တိုင်းရင်းသားသတင်းမီဒီယာမှ ဦးဆောင်သူတစ်ဦးနှင့်မီဒီယာကျွမ်းကျင်သူတစ်ဦးတို့၏လူတွေ့မေးမြန်းမှု ဖြေကြားချက်

[19] တိုင်းရင်းသားသတင်းမီဒီယာအချို့နှင့်မီဒီယာကျွမ်းကျင်သူများထံ လူတွေ့မေးမြန်းမှု၏ဖြေကြားချက်များ

မရှိခြင်းပင်ဖြစ်သည်။ သတင်းသမားများသည် စီးပွားရေးဆိုင်ရာတာဝန်များကို တွဲဖက်လုပ်ကိုင်ရန် ဝန်လေးတတ်သော စိန်ခေါ်မှုများ ရှိနေသဖြင့် စီးပွားရေးဖွံ့ဖြိုးမှု(Business Development)အတွက်သာ အချိန်ပြည့်တာဝန်ယူမည့်သူတစ်ဦး သီးသန့်ရှိရန် လိုအပ်နေကြောင်း သိရသည်။ အဆိုပြုလွှာ(Proposal)ရေးသားခြင်းနှင့် ရန်ပုံငွေရှာဖွေခြင်းများအ တွက် ကျွမ်းကျင်သူနှင့် ရုံးအဖွဲ့ သီးသန့်မရှိခြင်းက ဌာန၏ရပ်တည်ရေးအတွက် အခက်အခဲဖြစ်စေသည်ဟု ထောက်ပြထားကြသည်။ ထို့ကြောင့် ဌာန၏ဘဏ္ဍာရေးနှင့် ရေရှည်ရပ်တည်ရေးအတွက် မီဒီယာစီမံခန့်ခွဲသူ (Business Manager)တစ်ဦးကို သီးသန့်ခန့်ထားကာ ဝင်ငွေရှာဖွေရေးနှင့်သတင်းခန်းကို သီးခြားစီခွဲခြား၍ စ နစ်တကျ ကြပ်မတ်စီမံနိုင်မည့်ပုံစံမျိုးကို ပြောင်းလဲကျင့်သုံးရန် လိုအပ်နေပြီဖြစ်ကြောင်း တွေ့ရှိရသည်။[20] အဆို ပါသတင်းမီဒီယာရပ်တည်ရေးတာဝန်ခံက ဦးဆောင်၍ "ဝင်ငွေရလမ်းစုံ စုပေါင်းစပ်ပေါင်းနည်းလမ်းများ"ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

## (၂) အုပ်ချုပ်ရေးယန္တရားများ၏မူဝါဒရေးရာနှင့်ဥပဒေရေးရာကိစ္စများ[21]

၂၀၂၁ ခုနှစ်နောက်ပိုင်း၌ စစ်ခေါင်းဆောင်မင်းအောင်လှိုင်ဦးဆောင်သော စစ်အုပ်စုသည် လွတ်လပ်သောသတင်း မီဒီယာများအား ဖိနှိပ်ခဲ့ရာတွင် တိုင်းရင်းသားသတင်းမီဒီယာများလည်း အပါအဝင်ဖြစ်သည်။ သတင်းမီဒီယာသ မားများ ဖမ်းဆီးခံရခြင်း၊ သေဆုံးခြင်း၊ သတ်ဖြတ်ခံရခြင်းနှင့် သတင်းမီဒီယာလိုင်စင်ရုပ်သိမ်းခံရခြင်းများကို စစ် အုပ်စု၏ကျူးလွန်မှုများအဖြစ်ကြုံခဲ့ရသည်။ လက်နက်ကိုင်တော်လှန်ရေးအားကောင်းခြင်းနှင့်နယ်မြေစိုးမိုးမှုများ ရှိလာခြင်းကြောင့် လွတ်လပ်သောသတင်းမီဒီယာများသည် လက်နက်ကိုင်အုပ်ချုပ်မှုများနှင့်ကြားကာလအုပ်ချုပ် မှုဒေသများတွင် သတင်းမီဒီယာလုပ်ငန်းများကို လုပ်ကိုင်နေရပြီး ပွတ်တိုက်မှုများလည်း ရှိနေသည်။

ကရင်အမျိုးသားအစည်းအရုံး(ကေအဲန်ယူ)က သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ မူဝါဒနှင့်စည်းမျဉ်းစည်းကမ်းများ ကို ၂၀၂၄ ခုနှစ် ဧပြီ(၂၁)ရက်က ထုတ်ပြန်ခဲ့သည်။ ထို့မတိုင်ခင် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC)ကလည်း ကရင်နီပြည်အတွင်းသတင်းယူရန် ရောက်ရှိလာသည့်ပြည်တွင်းပြည်ပမီဒီယာသမားများ IEC သို့ ခွင့်ပြုချက်တောင်းခံရန်၊ ကရင်နီ၏စစ်ဆင်ရေး၊ အုပ်ချုပ်ရေးကိုထိခိုက်စေသည်တို့ကို ရှောင်ရှားရန်နှင့်ကျင့် ဝတ်ထက်ကျော်လွန်လုပ်ဆောင်သောမီဒီယာများ သတင်းရယူခွင့်ပိတ်ပင်ခံရမည်ဖြစ်ကြောင်း ဧပြီလ(၁၆)ရက် နေ့တွင် ထုတ်ပြန်ခဲ့သည်။[22] ယင်းနောက် လွတ်လပ်သောမြန်မာသတင်းမီဒီယာကောင်စီ(IPCM)နှင့်ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC) တို့သည် ၂၀၂၄ ခုနှစ် အောက်တိုဘာ(၁၆)ရက်တွင် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးချက်အရ (IEC) သည် လွတ်လပ်သောသတင်းမီဒီယာများကို အသိအ မှတ်ပြုပြီး သတင်းလွတ်လပ်ခွင့်ကို တန်ဖိုးထားအာမခံကြောင်းနှင့် ယင်းတို့၏ ဧပြီလ(၁၆)ရက် ထုတ်ပြန်မှုသည် သတင်းမီဒီယာများအား ထိန်းချုပ်ရန်အတွက်မဟုတ်ဘဲ တာဝန်ခံမှု၊ တာဝန်ယူမှုအတွက်သာ ရည်ရွယ်ကြောင်း အောက်တိုဘာလ(၂၃)ရက်တွင်ထုတ်ပြန်သည့် IPCM နှင့် IEC တို့၏ ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြပါရှိ

---

20 တိုင်းရင်းသားသတင်းမီဒီယာအချို့နှင့်မီဒီယာကျွမ်းကျင်သူများထံ လူတွေ့မေးမြန်းမှု၏ဖြေကြားချက်များ

21 တိုင်းရင်းသားသတင်းမီဒီယာအချို့နှင့်မီဒီယာကျွမ်းကျင်သူများထံ လူတွေ့မေးမြန်းမှု၏ဖြေကြားချက်များ

22 နယ်မြေအတွင်း သတင်းရယူခြင်းဆိုင်ရာ စည်းကမ်းချက်များ KNU ထုတ်ပြန်, ကေအိုင်စီ, ၂၁ ဧပြီ ၂၀၂၁, https://kicnews.org/2024/04/နယ်မြေအတွင်း-သတင်းရယူခ/

သည်။[23] စုံစမ်းမေးမြန်းမှုများအရ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်(ULA/AA)တွင်လည်း သတင်းမီဒီယာမူဝါ ဒ(မူကြမ်း)တစ်ခု ရှိနေကြောင်း၊ အတည်ပြုနိုင်ခြင်းမရှိသေးကြောင်းနှင့်တရားဝင် ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။ တခြားသောဒေသများတွင် တရားဝင်ထုတ်ပြန်ထားသော သတင်းမီဒီယာမူဝါဒမရှိဘဲ နားလည်မှုဖြင့် သာ လုပ်ဆောင်နေကြသည်။

အဖွဲ့အစည်းများ၏မီဒီယာမူဝါဒများနှင့်သက်ရောက်မှုများအပေါ် မေးခွန်းပေးပို့လေ့လာရာတွင် ဖြေဆိုသူအများစု ဖြစ်သော ၆၆.၇% (၈ဦး)က "အကန့်အသတ်အချို့ရှိသော်လည်း လုပ်ကိုင်၍ရသည်"ဟု ရွေးချယ်ထားကြသည်။ ၂၅% (၃ဦး)ကမူ "ရှင်းလင်းသော မူဝါဒ/ဥပဒေ ပြဋ္ဌာန်းထားခြင်း မရှိပါ"ဟု ဖြေဆိုကြပြီး ကျန်ရှိသော ၈.၃% (၁ဦး)က "တင်းကြပ်သော ကန့်သတ်ချက်များကြောင့် လုပ်ကိုင်ရန်ခက်ခဲသည်"ဟု ဖော်ပြထားသည်။ ဥပဒေရေး ရာ အာမခံချက်အတွက် အလိုအပ်ဆုံးအချက်အား မေးခွန်းပေးပို့လေ့လာရာတွင်လည်း ဖြေဆိုသူအများစုဖြစ် သော ၅၀%(၆ဦး)က "သတင်းလွတ်လပ်ခွင့်နှင့်သတင်းရယူပိုင်ခွင့်ဥပဒေ"ကို အလိုချင်ဆုံးအဖြစ် ရွေးချယ်ထား ကြသည်။ ၃၃.၃%(၄ဦး)က "သတင်းသမားများ၏လုံခြုံရေးကိုအာမခံသည့်ဥပဒေ"ကိုလိုလားကြပြီး ကျန်ရှိသော ၁၆.၇%(၂ဦး)ကမူ "ဒေသတွင်း တရားဝင်မှတ်ပုံတင်ခွင့်နှင့်ရပ်တည်ခွင့်"ကို ရွေးချယ်ထားကြောင်း တွေ့ရသည်။ အဆိုပါ ဖြေဆိုမှုများသည် လက်နက်ကိုင်အင်အားစုများ၊ တော်လှန်ရေးအင်အားစုများနှင့်ကြားကာလအုပ်ချုပ် ရေးအဖွဲ့များ၏ သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုင်ရာအာမခံချက်အနေဖြင့် ရည်ရွယ်ကြပြီး စစ်ခေါင်းဆောင် မင်းအောင်လှိုင်ဦးဆောင်သော စစ်အုပ်စု၏လွတ်လပ်သောသတင်းမီဒီယာဖိနှိပ်ရေးကိစ္စများကိုထည့်သွင်း ဖြေဆိုခြင်း မဟုတ်ကြောင်း တွေ့ရသည်။

အတုအယောင်ရွေးကောက်ပွဲဖြင့် အစိုးရသစ်အမည်ခံလာသော မင်းအောင်လှိုင်စစ်အုပ်စု၏ နိုင်ငံရေးပြောင်းလဲ မှုများသည် နိုင်ငံရေးအရ စစ်မှန်သော အပြုသဘောဆောင်သည့် အသွင်ကူးပြောင်းရေးတစ်ခုမဟုတ်ကြောင်း၊ အတုအယောင်ရွေးကောက်ပွဲအလွန်ကာလ ယခုနှစ်အတွင်း စစ်အုပ်စုက ပြုမူခဲ့သော သတင်းမီဒီယာလိုင်စင်ရုပ် သိမ်းခြင်းနှင့်လွတ်လပ်သော သတင်းမီဒီယာများအပေါ် တုံ့ပြန်မှုများအရ ယင်းတို့၏သဘောထားများကို မြင်နိုင် ကြောင်း၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်လွတ်လပ်သောသတင်းမီဒီယာများကို နိုင်ငံရေးစိတ်ဆန္ဒအရ လိုလားမှု မပြသကြောင်း၊ အကြောင်းအမျိုးမျိုးပြ၍ ထိန်းချုပ်နိုင်ရန် ပြင်ဆင်ထားကြောင်း၊ လွတ်လပ်သော သတင်းမီဒီ ယာအများစုသည် နယ်စပ်ဒေသနှင့် အိမ်နီးချင်းပြည်ပနိုင်ငံများတွင်ပင် ဆက်လက်၍အခြေစိုက်ကြရဦးမည်ဖြစ် ကြောင်း၊ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်သတင်းမီဒီယာလုပ်ငန်းခွင် လုံခြုံမှု အာမခံချက်များ အားကောင်းမှသာ ပြည်တွင်း၌ အခြေစိုက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။[24]

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs)နှင့် တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ရာနယ်မြေများ တွင် သတင်းမီဒီယာလွတ်လပ်ခွင့်သည် ဒေသအလိုက် ကွဲပြားမှုရှိနေပြီး တိကျခိုင်မာသော မူဝါဒနှင့်အကာအ ကွယ်ပေးမှုများ အားနည်းနေကြောင်း တွေ့ရှိရသည်။ အချို့သော အဖွဲ့အစည်းများသည် မီဒီယာမူဝါဒများရေးဆွဲ နေသည်ဟုဆိုသော်လည်း လက်တွေ့တွင် "စစ်ရေးလုံခြုံရေး"ကိုသာ ပထမ

[23] လွတ်လပ်သော သတင်းမီဒီယာကောင်စီနှင့်ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီတို့၏ ပူးတွဲထုတ်ပြန်ချက်၊ ၂၃, အောက်တိုဘာ, ၂၀၂၄, https://ipcmm.org/လွတ်လပ်သော-မြန်မာသတင်း-2/

[24] နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့၏ မူဝါဒရေးရာဦးဆောင်သူများဖြင့် ၂၀၂၆ ခုနှစ် မေလ(၁)ရက်နေ့ တွေ့ဆုံဆွေးနွေးမှု

ဦးစားပေးအဖြစ် သတ်မှတ်ထားသ ဖြင့် ရှေ့တန်းစစ်မျက်နှာသတင်းရယူမှုများကို ကန့်သတ်ခြင်း၊ သတင်းရင်းမြစ်များကို အင်တာဗျူးဖြေဆိုရန် တား မြစ်ခြင်းနှင့် သတင်းသမားများအပေါ် ခွဲခြားဆက်ဆံခြင်းများ ရှိနေသည်။ အထူးသဖြင့် အောက်ခြေတပ်ဖွဲ့ဝင်များ ၏မီဒီယာအပေါ်နားလည်မှုနည်းပါးခြင်းကြောင့် သတင်းထောက်များအား ခြိမ်းခြောက်ခြင်းနှင့်ဖမ်းဆီးစစ်ဆေး ခြင်းများ ကြုံတွေ့နေရပြီး လက်နက်ကိုင်အဖွဲ့များအကြား ဘက်မလိုက်ဘဲ ကျင့်ဝတ်အတိုင်း ရပ်တည်ရန် ကြိုး စားသည့်မီဒီယာများမှာ နှစ်ဖက်စလုံး၏စွပ်စွဲချက်နှင့်ဖိအားများကို ရင်ဆိုင်နေရသည်။ ထို့အပြင် တော်လှန်ရေး ကာလဖြစ်သဖြင့် မီဒီယာလွတ်လပ်ခွင့်ကို အပြည့်အဝမပေးနိုင်သေးဟု ယူဆနေကြသည့်အတွက် သတင်းသမား များမှာ ယင်းတို့ထိန်းချုပ်ရာနယ်မြေအတွင်း၌ပင် လုံခြုံရေးအာမခံချက်နှင့်တရားဝင်အသိအမှတ်ပြုမှု ကင်းမဲ့နေ ကြောင်း တွေ့ရှိရသည်။

မီဒီယာလွတ်လပ်ခွင့်နှင့်လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာစေရန်အတွက် မူ ဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်သင်တန်းပေးမှုများသည် အပြန်အလှန်ဆက်နွယ်နေသောအရေးကြီးသည့် လိုအပ်ချက်များဖြစ်ကြောင်း တွေ့ရှိရသည်။ လက်နက်ကိုင်အဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်မီဒီယာများ အကြား မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာနားလည်မှု အားနည်းနေသဖြင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန် ညှိ နှိုင်းဆွေးနွေးမှုများ အရေးပေါ် လိုအပ်နေသည်။ အထူးသဖြင့် နယ်မြေအလိုက် ကွဲပြားသော မူဝါဒများကြားတွင် သတင်းသမားအစစ်အမှန်များကို စနစ်တကျ စိစစ်အသိအမှတ်ပြုကာ ဖမ်းဆီးစစ်ဆေးခြင်းများ မပြုလုပ်ရန် လို အပ်သည်။ မသိနားမလည်မှုကြောင့် ဖြစ်ပေါ်လာသည့် မီဒီယာလွတ်လပ်ခွင့်ချိုးဖောက်မှုများကို လျှော့ချနိုင်ရန် အတွက် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အရာရှိသင်တန်းများနှင့်စစ်သင်တန်းများတွင် လူ့အခွင့်အရေးနှင့်မီဒီယာလွတ်လပ်ခွင့်ဘာသာရပ်များကို မဖြစ်မနေထည့်သွင်း သင်ကြားပေးသင့်သည်။ ထို့မှတစ်ဆင့် ချမှတ်ထား သောမူဝါဒများမှာ စာရွက်ပေါ်တွင်သာ ရှိမနေဘဲ လက်တွေ့မြေပြင်ကျင့်သုံးမှုအထိ ခိုင်မာစွာဖြစ်ပေါ်လာစေရန် ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရသည်။[25]

နယ်မြေအလိုက်အခြေအနေများတွင် ကရင်နီပြည်နယ်ရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် သဘောထားကြီးမှု ရှိသောလွတ်လပ်သောနယ်မြေအဖြစ် တည်ရှိနေသော်လည်း၊ ကေအဲန်ယူ(KNU) နယ်မြေများတွင်မူ အကန့်အ သတ်များနှင့်အတူ သတင်းဌာနများအကြား ခွဲခြားဆက်ဆံမှုများ ရှိနေသည်။ အတင်းကြပ်ဆုံးနှင့်လွတ်လပ်မှုမရှိ ဆုံးနယ်မြေများမှာ ရခိုင်နှင့်ရှမ်းပြည်နယ်တို့ဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နယ်မြေများတွင်မူ, မူ ဝါဒအရ သဘောထားကောင်းမွန်မှုရှိသော်လည်း မြေပြင်၌ တရားဥပဒေစိုးမိုးမှုနှင့် သတင်းထောက်များအတွက် ခိုင်မာသော လုံခြုံရေးအာမခံချက်ကို အပြည့်အဝ မပေးနိုင်သေးကြောင်း တွေ့ရသည်။[26]

## (၃) တိုင်းရင်းသားသတင်းမီဒီယာများ၏ တိုင်းရင်းသားအကြောင်းအရာ ထုတ်လုပ်နိုင်မှုများ

တိုင်းရင်းသားသတင်းမီဒီယာများ၏အားသာချက်မှာ "ဘာသာစကား"နှင့်"ကိုယ်ပိုင်လက္ခဏာ" ဖြစ်သည်။ အနာ ဂတ်ကိုလည်း ဖက်ဒရယ်အခြေခံသော ဒီမိုကရေစီစနစ်ကို လိုလားအားထုတ်နေကြ

[25] နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင် မီဒီယာဦးဆောင်သူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်

[26] သတင်းမီဒီယာကျွမ်းကျင်သူတစ်ဦးထံ ဆက်သွယ်မေးမြန်းရာတွင် သုံးသပ်ပြောကြားချက်

သည်။ "ဘာသာစကား"နှင့် "ကိုယ်ပိုင်လက္ခဏာ"ရှိသော တိုင်းရင်းသားများ၏ဘာသာစကား၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံများသည် အခြေခံ လူ့အခွင့်အရေးထဲတွင် အကျုံးဝင်ဖြစ်သဖြင့် ယင်းအချက်များအားကာကွယ်မြှင့်တင်ရန် သတင်းမီဒီယာများ၏ တာဝန် တစ်စိတ်တစ်ပိုင်းဖြစ်လာသည်။[27]

ထို့ကြောင့် တိုင်းရင်းသားသတင်းမီဒီယာများ၏ တိုင်းရင်းသားအကြောင်းအရာများ ထုတ်လုပ်နိုင်မှုအခြေအနေ များကို လေ့လာခဲ့သည်။

## (၃.၁) ကဏ္ဍအလိုက် အကြောင်းအရာ ထုတ်လုပ်နိုင်မှုနှင့် အသိပညာပေးမှု ဆန်းစစ်ချက်များ[28]

တိုင်းရင်းသားသတင်းမီဒီယာများ၏ကဏ္ဍအလိုက် အကြောင်းအရာထုတ်လုပ်နိုင်မှုနှင့်အသိပညာပေးမှုအခြေအ နေများကို ဆန်းစစ်ရာတွင် နယ်ပယ်အသီးသီး၌ ထုတ်လုပ်နိုင်စွမ်း အားနည်းနေသည်ကိုတွေ့ရှိရသည်။ အထူးသ ဖြင့် လူမျိုးစု၏ရိုးရာယဉ်ကျေးမှု၊ သမိုင်းနှင့်အနုပညာဆိုင်ရာအကြောင်းအရာများ ထုတ်လုပ်နိုင်မှုမှာ ပျမ်းမျှရ မှတ်(၁.၅၈)သာရှိပြီး အနိမ့်ဆုံးအဆင့်တွင် ရှိနေသကဲ့သို့ ဒေသခံတို့၏နေ့စဉ်လူမှုစီးပွားဘဝနှင့် အောင်မြင်မှုမှတ် တမ်းများမှာလည်း ပျမ်းမျှရမှတ်(၁.၉၂)ဖြင့် အားနည်းချက်များ ရှိနေသည်။ ထို့အတူ ဖက်ဒရယ်နှင့်နိုင်ငံရေးဆိုင် ရာ အသိပညာပေးခြင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးဗဟုသုတများ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ဆိုင်ရာပြဿနာများ စသည့်ကဏ္ဍများတွင်လည်း ဖြေဆိုသူအများစုက "နည်း/အလွန်နည်း"သည့် အဆင့်တွင်သာ ရှိကြောင်း ဖော်ပြကြသည်။ လက်နက်ကိုင်ပဋိပက္ခနှင့် လူသားချင်းစာနာမှုဆိုင်ရာ သတင်းထုတ်လုပ်မှုမှာ ပျမ်းမျှ ရမှတ်(၂.၅၀)ဖြင့် အချက်အလက်များအနက် အမြင့်ဆုံးဖြစ်သော်လည်း ဖြေဆိုသူ ၅၈.၃%မှာ အားနည်းသည့်အ ဆင့်တွင် ပင်ရှိနေသေးရာကဏ္ဍစုံ၌ ထုတ်လုပ်နိုင်စွမ်းမြှင့်တင်ရန် လိုအပ်နေဆဲဖြစ်ကြောင်းတွေ့ရှိရသည်။

## (၃.၂) တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လုပ်မှုဆိုင်ရာ စိန်ခေါ်မှုနှင့်နည်းလမ်းများ

တိုင်းရင်းသားဘာသာစကားဖြင့် သတင်းအချက်အလက်များ ထုတ်လုပ်ရာတွင် ရင်ဆိုင်နေရသည့် အကြီးမားဆုံး အခက်အခဲမှာ ဘာသာစကားအမျိုးမျိုးဖြင့် ထုတ်လုပ်ရန်အတွက် ကုန်ကျစရိတ် ပိုမိုများပြားခြင်း(၅၀%)[29]ဖြစ် ကြောင်း တွေ့ရှိရသည်။ ထို့ပြင် လူငယ်များ၏ဘာသာစကားအသုံးပြုမှုပုံစံပြောင်းလဲလာခြင်း၊ ကျွမ်းကျင်သူရှား ပါးခြင်းနှင့်နည်းပညာအခက်အခဲများမှာလည်း စိန်ခေါ်မှုအဖြစ် အညီအမျှ ရှိနေသည်။ သို့သော်လည်း ၂၀၂၆ ခုနှစ် အလွန်တွင် တိုင်းရင်းသားဘာသာစကားဖြင့် "ပညာပေးမှု"လုပ်ငန်းများအတွက် တိုင်းရင်းသားဘာသာစကားဖြင့် တိုက်ရိုက်ပြောဆိုသော ရုပ်သံ/ဗီဒီယိုများ(၅၀%)[30]ကို အထိရောက်ဆုံးနည်းလမ်းအဖြစ် ရှုမြင်ကြပြီး ရုပ်ပုံအခြေ ပြုတင်ဆက်မှုများနှင့် အသံလွှင့်ကဏ္ဍများကိုလည်း အထောက်အကူပြုနည်းလမ်းများအဖြစ်အသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

တိုင်းရင်းသားမီဒီယာများသည် မိမိတို့ဘာသာစကားဖြင့် သတင်းထုတ်လုပ်ရာတွင် လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများစွာ ရင်ဆိုင်နေရသည်။ အထူးသဖြင့် ခေတ်ပေါ်

[27] နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင် မီဒီယာဦးဆောင်သူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်

[28] နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင်များထံ မေးခွန်းပေးပို့ မေးမြန်းမှု၏ဖြေကြားချက်များ

[29] နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင်များထံ မေးခွန်းပေးပို့ မေးမြန်းမှု၏ဖြေကြားချက်များ

[30] နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင်များထံ မေးခွန်းပေးပို့ မေးမြန်းမှု၏ဖြေကြားချက်များ

နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဝေါဟာရများ ရှားပါးနေခြင်းနှင့် စံသတ်မှတ်ချက်မရှိခြင်းတို့ကြောင့် သတင်းတင်ဆက်ရာတွင် အဟန့်အတားဖြစ်စေသကဲ့သို့ လူငယ်မျိုးဆက်များအကြား မိခင်ဘာသာစကားအရေးအဖတ်စွမ်းရည်များ လျော့ နည်းလာမှုသည်လည်း စိုးရိမ်ဖွယ်ရာစိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ ထို့ပြင် ဘာသာစကားအမျိုးမျိုးဖြင့် ထုတ်လုပ် ရန်အတွက် ဘဏ္ဍာရေးနှင့်ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် အချို့သော မီဒီယာများသည် ရေဒီယိုနှင့်ရုပ် သံများတွင်သာ တိုင်းရင်းသားဘာသာကိုအသုံးပြုနိုင်ပြီး စာသား(Text)အနေဖြင့် ဗမာ (သို့မဟုတ်) အင်္ဂလိပ်ဘာ သာကိုသာ အားကိုးနေရသည့်အခြေအနေတွင် ရှိနေသည်။[31]

### (၃.၃) အနာဂတ်ပညာပေးလုပ်ငန်းများအတွက် အရေးကြီးသော ကဏ္ဍများ[32]

အနာဂတ်ကာလ ပညာပေးလုပ်ငန်းများတွင် ဦးစားပေးဆောင်ရွက်ရမည့်ကဏ္ဍများနှင့်ပတ်သက်၍ ဖက်ဒရယ်၊ ဒီ မိုကရေစီနှင့်နိုင်ငံရေးအသိအမြင်များမှာ ပျမ်းမျှရမှတ်(၄.၁၇)ဖြင့် အမြင့်ဆုံးတွင်ရှိပြီး ၅၈.၃% က အလွန်အရေး ကြီးသောကဏ္ဍအဖြစ် သတ်မှတ်ထားကြသည်။ လူ့အခွင့်အရေးနှင့်ဥပဒေရေးရာဆိုင်ရာများသည်လည်း ပျမ်းမျှရ မှတ်(၄.၀၀)ဖြင့် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေသကဲ့သို့ ကျန်းမာရေးနှင့် စိတ်ဒဏ်ရာကုစားမှုကဏ္ဍသည် လည်း ပျမ်းမျှရမှတ်(၄.၀၈)ဖြင့် လက်ရှိကာလလိုအပ်ချက်အရ အလွန်အရေးကြီးသော ပညာပေးနယ်ပယ်တစ်ခု အဖြစ် ရှုမြင်ခံရသည်။ ဤအချက်အလက်များအရ အနာဂတ်တွင် နိုင်ငံရေး၊ ဥပဒေရေးရာနှင့် ကျန်းမာရေးဆိုင် ရာပညာပေးမှုများကို ပိုမိုမြှင့်တင်ရန် လိုအပ်ကြောင်း ထင်ရှားနေသည်။

### (၃.၄) တိုင်းရင်းသားသတင်းမီဒီယာများ၏ သီးခြားလက္ခဏာတည်ဆောက်နိုင်ခြင်း

မီဒီယာအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဖြေဆိုသူ ၄၁.၇% က အင်အားစုစည်းရန်အတွက် မဖြစ်မနေပူးပေါင်းရမည်ဟုယူဆကြသော်လည်း အခြားသော ၁၆.၇% ကမူ မိမိတို့၏သီးခြားလက္ခဏာ (Identity) ပျောက်ဆုံးသွားမည်ကို စိုးရိမ်သဖြင့် သတိထားရန် လိုအပ်ကြောင်း ဖော်ပြကြသည်။ ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှု များတွင်မူ ၂၀၂၆ ခုနှစ်အလွန်တွင် အချက်အလက်မှန်ကန်မှုရှိစေရေးသည် အခက်အခဲဆုံးကိစ္စဖြစ်လာမည်ဟု ၄၁.၇%က ခန့်မှန်းထားကြပြီး သတင်းရင်းမြစ်များ၏လုံခြုံရေးနှင့်ဘက်လိုက်မှုကင်းစင်ရေးတို့မှာလည်း ရှေ့ဆက်ရင်ဆိုင်ရမည့် အဓိကစိုးရိမ်ပူပန်မှုများဖြစ်နေကြောင်း တွေ့ရှိရသည်။

တိုင်းရင်းသားမီဒီယာများနှင့်အခြားမီဒီယာများ၏အဓိကကွာခြားချက်မှာ"ဘာသာစကား"နှင့်"ကိုယ်ပိုင်လက္ခဏာ" ပေါ်လွင်မှုပင်ဖြစ်သည်။ တိုင်းရင်းသားဘာသာစကားဖြင့် သတင်းထုတ်လွှင့်ခြင်းသည် သတင်းအချက်အလက် ပေးရုံသာမက မျိုးဆက်သစ်များ၏စာပေလေ့လာမှုကို အားပေးရန်နှင့် လူမျိုးစုငယ်များ၏သရုပ်လက္ခဏာများ မ ပျောက်ကွယ်စေရန်ထိန်းသိမ်းရမည့် အရေးကြီးသောတာဝန်တစ်ရပ်လည်း ဖြစ်သည်။ တော်လှန်ရေးနှင့်ပဋိပက္ခ ကာလများအတွင်း၌ပင် လူမျိုးကြီးဝါဒလွှမ်းမိုးမှုမှကာကွယ်ရန်နှင့်မိမိတို့၏ရိုးရာယဉ်ကျေးမှု၊ သမိုင်းကြောင်း များကို ဖော်ထုတ်တင်ပြခြင်းဖြင့်

---

31 တိုင်းရင်းသားသတင်းမီဒီယာအချို့နှင့်မီဒီယာကျွမ်းကျင်သူများထံ လူတွေ့မေးမြန်းမှု၏ဖြေကြားချက်များ

32 နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင်များထံ မေးခွန်းပေးပို့ မေးမြန်းမှု၏ဖြေကြားချက်များ

တိုင်းရင်းသားသတင်းမီဒီယာများ၏အဓိကသီးခြားလက္ခဏာ(Identity)ကို ခိုင် မာစွာ တည်ဆောက်ထားနိုင်မည်။[33]

**(၃.၅) လိုအပ်ချက်နှင့်အကန့်အသတ်များ**

တိုင်းရင်းသားလူမျိုးစုအကြောင်းအရာများ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ ရုပ်သံနှင့်ဓာတ်ပုံ မှတ်တမ်းများအတွက် လိုအပ်သော ငွေကြေးအင်အား (၅၀%)[34]ဖြစ်ကြောင်း တွေ့ရှိရပြီး၊ သတင်းရယူနိုင်မည့် လုံခြုံသော ပတ်ဝန်းကျင်နှင့်ကျွမ်းကျင်သည့် သတင်းဆောင်းပါးရေးသားနိုင်သူများလည်း လိုအပ်လျက်ရှိသည်။ ထို့ပြင် လူနည်းစုလူမျိုးစုများ၏အသံကို ဖော်ပြပေးနိုင်မှုနှင့် ပတ်သက်၍ ဖြေဆိုသူ ၉၁.၇% ခန့်က ဖော်ပြပေးလို သောဆန္ဒရှိကြသော်လည်း လက်တွေ့တွင် အရင်းအမြစ်နှင့်လူအင်အား မလုံလောက်မှုကြောင့် အကန့်အသတ် များစွာနှင့်ရင်ဆိုင်နေရကြောင်း သိရှိရသည်။

လက်ရှိတွင် လူနည်းစုများ၏အသံကိုဖော်ပြနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းနေသော်လည်း မြေပြင်ရှိ နိုင်ငံရေးနှင့် စစ်ရေးအခြေအနေများကြောင့် ဒေသတွင်းသို့ တိုက်ရိုက်ဝင်ရောက်ရိုက်ကူးရေးလုပ်ရန် လုံခြုံရေးဆိုင်ရာစိန်ခေါ် မှုများစွာ ရှိနေသည်။ လူမျိုးစုငယ်များ၏ ဘာသာစကားနှင့်ယဉ်ကျေးမှုများ မပျောက်ကွယ်အောင် မြှင့်တင်ပေး ရန်မှာ အချိန်နှင့်လူအင်အားရင်းနှီးမြှုပ်နှံပြီး ယုံကြည်မှုတည်ဆောက်ရန်လိုအပ်သော်လည်း လက်ရှိတွင် သတင်း ထောက်အင်အားနှင့်ဘဏ္ဍာရေးအထောက်အပံ့ အလွန်နည်းပါးနေသည်။ အထူးသဖြင့် အမေရိကန်၏မူဝါဒ ပြောင်းလဲမှုကြောင့် ငွေကြေးရရှိမှုအကန့်အသတ်ဖြစ်ကာ လူအင်အားလျှော့ချလိုက်ရခြင်းသည် သတင်းနှင့်ဘာ သာပြန်ထုတ်လုပ်မှုလုပ်ငန်းများကို ရပ်တန့်စေခဲ့သည်။ သတင်းအရင်းအမြစ် ရှာဖွေရခက်ခဲခြင်း၊ ဆက်သွယ်ရေး လမ်းကြောင်း အကန့်အသတ်ရှိခြင်းနှင့်နယ်မြေအနေအထား ခက်ခဲခြင်းတို့ကြောင့် လူနည်းစုများအကြောင်းကို ပုံမှန်တင်ဆက်နိုင်စွမ်း မရှိတော့ဘဲ ရံဖန်ရံခါသာ တင်ဆက်နိုင်သည့် အခြေအနေသို့ ဆိုက်ရောက်နေရသည်။[35]

# ခြုံငုံသုံးသပ်ချက်

မြန်မာ့နိုင်ငံရေးသည် ၂၀၂၆ ခုနှစ်အလွန်တွင် ဗဟိုချုပ်ကိုင်မှုပြိုကွဲပြီး ဒေသအလိုက် အုပ်ချုပ်ရေးပုံစံသစ်များ အားကောင်းလာမည်ဖြစ်ရာ တိုင်းရင်းသားမီဒီယာများအနေဖြင့် စစ်ပွဲသတင်း တင်ဆက်ရုံသာမက ဒေသတွင်း အုပ်ချုပ်ရေးသစ်များ၏ အဂတိလိုက်စားမှုနှင့်တရားစီရင်ရေးကို ရဲရဲဝံ့ဝံ့ဝေဖန်ထောက်ပြနိုင်သည့်"စတုတ္ထ မဏ္ဍိုင်"အဖြစ် ခိုင်ခိုင်မာမာရပ်တည်ရမည်ဖြစ်သည်။ ထိုသို့ရပ်တည်နိုင်ရန် တော်လှန်ရေးအဖွဲ့အစည်းများနှင့်မီဒီ ယာကျင့်ဝတ်အကြား မျှဉ်းသားနိုင်မှု၊ လူမျိုးစုအချင်းချင်းကြား ပဋိပက္ခများနှင့်အမုန်းစကားများကို ရှောင်ကြဉ်သည့်"ငြိမ်းချမ်းရေးမီဒီယာ"အခန်းကဏ္ဍတို့မှာ ပိုမိုသိမ်မွေ့

33 တိုင်းရင်းသားသတင်းမီဒီယာအချို့နှင့်မီဒီယာကျွမ်းကျင်သူများထံ လူတွေ့မေးမြန်းမှု၏ဖြေကြားချက်များ

34 နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင်များထံ မေးခွန်းပေးပို့ မေးမြန်းမှု၏ဖြေကြားချက်များ

35 နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင်များထံ မေးခွန်းပေးပို့ မေးမြန်းမှု၏ဖြေကြားချက်များ

နက်နဲလာမည်ဖြစ်သည်။ သို့သော် လက်ရှိတွင် တိုင်း ရင်းသားလူနည်းစု အမျိုးသမီးသတင်းထောက်နှင့် ကျွမ်းကျင်ဝန်ထမ်းများ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာ နေခြင်းကြောင့် သင်တန်းနှင့်ဘတ်ဂျက် ပံ့ပိုးမှုများ အထူးလိုအပ်နေသကဲ့သို့ ငွေကြေး၊ လုံခြုံရေးနှင့်ဆက်သွယ် ရေးဆိုင်ရာစိန်ခေါ်မှုများလည်း ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၆ ခုနှစ်မှစ၍ သတင်းဌာနများ သည် မိမိတို့နှင့်ကိုက်ညီမည့် မူဝါဒများချမှတ်ခြင်း၊ သတင်းခန်းဖွဲ့စည်းပုံကို ကျစ်လစ်ထိရောက်စွာ ပြင်ဆင်ခြင်း၊ နိုင်ငံတကာ အကူအညီတစ်ခုတည်းကိုမမျှော်ဘဲ ကိုယ်ပိုင်ဝင်ငွေရလမ်းများဖော်ဆောင်ခြင်းနှင့် ဖြစ်နိုင်ခြေရှိသော အစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို မဟာဗျူဟာမြောက် ပြင်ဆင်ဆောင်ရွက်သွားသင့်ပါသည်။[36]

# အကြံပြုချက်များ

ဤအစီရင်ခံစာပါလေ့လာချက်များအရ ဖော်ပြပါ အဖွဲ့အစည်းများကို အောက်ပါအတိုင်း အကြံပြုပါသည်။

**(က) နိုင်ငံတကာအဖွဲ့အစည်းများ**

- တိုင်းရင်းသားသတင်းမီဒီယာများ ရေရှည်ရပ်တည်ရေးအတွက် နိုင်ငံတကာအကူအညီများ လိုအပ်နေ သေး၍ ကောင်းမွန်သင့်လျော်သောအကူအညီများ ဆက်လက်ပေးသင့်သည်။
- အကူအညီပေးမှုများသည် ရေတိုကာလလုပ်ငန်းလည်ပတ်ရန်သာမက ရေရှည်ရပ်တည်နိုင်မည့် လက် တွေ့ကျသော အကူအညီအထောက်အပံ့များ ပေးသင့်သည်။
- လက်နက်ကိုင်အဖွဲ့အစည်းများ၏ သတင်းမီဒီယာနှင့်လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် သိနားလည်မှုအ ထောက်အကူပြုအစီအစဉ်များကို ဖော်ဆောင်ပေးသင့်သည်။

**(ခ) တော်လှန်ရေးအင်အားစုများ**

- ဖက်ဒရယ် ဒီမိုကရေစီစနစ်အတွက် တော်လှန်ရေးလုပ်ကိုင်နေသည်နှင့်အညီ ဖက်ဒရယ်နှင့်ဒီမိုကရေစီစံ နှုန်းများကို လေးစားလိုက်နာ၍ သတင်းလွတ်လပ်ခွင့်နှင့်လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အားပေး လိုက်နာသင့်သည်။

**(ဂ) လက်နက်ကိုင်အဖွဲ့အစည်းများ**

- လက်နက်ကိုင်အဖွဲ့အစည်းများ လေးစားလိုက်နာရသော နိုင်ငံတကာစံနှုန်းများကို လေးစားလိုက်နာ၍ စစ်ရေးကျင့်ဝတ်များနှင့် သတင်းမီဒီယာများ၏လုံခြုံရေးနှင့်သတင်းလွတ်လပ်ခွင့်ကို လေးစားလိုက်နာ သင့်သည်။
- လက်နက်ကိုင်တော်လှန်ရေးကာလဖြစ်နေ၍ သတင်းမီဒီယာလွတ်လပ်ခွင့်ကို ဦးစားမပေးနိုင်ကြောင်း စဉ်းစားချက်အား ပြန်လည်သုံးသပ်၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အားပေးပြီး တော်လှန်ရေး အတွက် အထောက်အပံ့ဖြစ်ရာဖြစ်ကြောင်းများကို ရှာဖွေသင့်သည်။

[36] နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင်များထံ မေးခွန်းပေးပို့ မေးမြန်းမှု၏ဖြေကြားချက်များ

**(ဃ) ကြားကာလအုပ်ချုပ်ရေးအဖွဲ့များ**

- ကြားကာလအုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသည်နှင့်အညီ အနာဂတ်အုပ်ချုပ်ရေးအတွက်ပါ အလေ့အကျင့်ကောင်းများရစေရန် သတင်းလွတ်လပ်ခွင့်အား လေးစားသည့် အခင်းအကျင်းများ၊ မူဝါဒ များ၊ စီမံခန့်ခွဲမှုများနှင့်သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်မှုအားပေးခြင်းများကို အလေးထားဆောင်ရွက်သင့် သည်။

**(င) သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ**

- တိုင်းရင်းသားသတင်းမီဒီယာများ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကိုသာမက ရေရှည်ရပ်တည်ရေး အတွက် စီးပွားရေးမဟာဗျူဟာများ၊ စီမံခန့်ခွဲမှုနည်းနာများ၊ သင့်တင့်သော ငွေကြေးရင်းနှီးမြှုပ်နှံမှုများရ ရှိစေရန် ဦးစားပေးသင့်သည်။
- တိုင်းရင်းသားသတင်းမီဒီယာများ၏ သတင်းမီဒီယာလုပ်ငန်း ရေရှည်ရပ်တည်ရေးအားပေးနိုင်သည့် အစီ အစဉ်များကို အလေးထားပံ့ပိုးပေးသင့်သည်။

**(စ) ဒစ်ဂျစ်တယ်လွတ်လပ်ခွင့်အရေးအဖွဲ့များ**

- ဒစ်ဂျစ်တယ်လုံခြုံရေး၊ လူမှုကွန်ရက်မီဒီယာမူဝါဒတွင် မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားပေးရေး၊ အင်တာနက်ဆက်သွယ်ရေးအတွက် အစားထိုးသုံးစွဲနိုင်သည့် အခြားသောနည်းလမ်းများ လက်လှမ်းမီ နိုင်ရေး စသည့်ကိစ္စများကို အလေးထား ဆောင်ရွက်ပေးသင့်သည်။

**(ဆ) တိုင်းရင်းသားသတင်းမီဒီယာများ**

- သတင်းမီဒီယာကျင့်ဝတ်နှင့်ညီညွတ်ပြီး ဖက်ဒရယ် ဒီမိုကရေစီစနစ်အား အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများ၊ လူ့အခွင့်အရေးလေးစားလိုက်နာမှု အားပေးခြင်းများနှင့်သတင်းဌာနကိုယ်တိုင်က လူ့ အခွင့်အရေးစံနှုန်းများ လေးစားလိုက်နာသော သတင်းမီဒီယာဌာနဖြစ်စေရေး အလေးထားသင့်သည်။
- ရေရှည်ရပ်တည်ရေးအတွက် ဝင်ငွေရရာနည်းလမ်းတစ်ခုတည်းကို မှီခိုသည်ထက် ဝင်ငွေရရှိရေးလမ်းစုံ စုပေါင်းစပ်ပေါင်းနည်းလမ်းများကို အသုံးပြုသင့်သည်။
- တိုင်းရင်းသားသတင်းမီဒီယာများ၏ရေရှည်ရပ်တည်ရေးအတွက် သီးခြားတာဝန်ယူသော တာဝန်ခံ သို့မ ဟုတ် ဌာနတစ်ခု ထားရှိသင့်သည်။